# နေ့စဉ်ခွန်အား

## တစ်ယောက်တည်းမလုပ်နဲ့

(ဟေဗြဲ ၁၀း၁၉-၂၅)

ခမ္မသစ်ခေတ်အခါက ယုံကြည်သူများသည် ဆုတောင်းအဖွဲ့များ၊ အိမ်အသင်းတော်များစသည်တို့၌ အတူတကွစုပေါင်းဝတ်ပြုကြခြင်းအားဖြင့် သူတို့၏ခရစ်ယာန်အသက်တာကြီးထွားရင့်ကျက်တိုးတက် လာရေးတွင် တစ်ဦးတည်းကျိုးစားအားထုတ်ခြင်းထက် များစွာအထောက်အကူပေးသည်။

ကျွန်ုပ်သည်လည်း အဖွဲ့လေးတစ်ဖွဲ့တွင် ပါဝင်လှုပ်ရှားခြင်းအားဖြင့် အားပေးထောက်ပံ့မှုများစွာရရှိခဲ့ဖူးသည်။ စိတ်နှင့်ကိုယ်ခန္ဓာ ကျန်းမာရွှင်လန်းရန် လေ့ကျင့်ခန်းမှန်မှန်ယူဖို့လိုကြောင်းကို ကျွန်ုပ်သိသော်လည်း လေ့ကျင့်ခန်းအစီအစဉ်များယူပြီး များမကြာမီမှာပင်ကျွန်ုပ်ရပ်ဆိုင်းလိုက်တော့သဖြင့် ကျွန်ုပ်၏ခန္ဓာကိုယ်မှာတဖြည်းဖြည်းပုံပျက်ပန်းပျက်ဖြစ်လာတော့သည်။ လုပ်ဖော်ကိုင်ဖက်တစ်ဦးက နေ့လည်စာအားလပ်ချိန်တွင် ရုံးရှိလူအချို့တို့နှင့်အတူ အပြေးလေ့ကျင့်ခန်းပြုလုပ်ရန် အကြံပြုသဖြင့်သူတို့နှင့်အတူ ပူးပေါင်းပါဝင်ရန်စိတ်ဆုံးဖြတ်လိုက်သည်။ အမှန်တကယ်ပင် ထိရောက်မှုရှိကြောင်းကို တွေ့ရသည်။ အကယ်၍ကျွန်ုပ်တစ်ယောက်တည်းကြိုးစားမည်ဆိုလျှင် အကြောင်းပြချက်အမျိုးမျိုး ဖြင့်အကြိမ် တစ်ရာလက်လျှော့ပစ်သည်သာဖြစ်၏။ ယခုမှာမူ အတူတကွပြေးနေစဉ် တစ်ယောက်နှင့်တစ်ယောက်အားပေးမှုကြောင့် ကျွန်ုပ်မှာမိုင်တစ်ရာကိုပင် ဖြတ်ကျော်ပြေးလွှားနိုင်ခဲ့သည်။

အသင်းတော်များအတွင်း ဤအချက် ကိုကျင့်သုံးရန် သာ၍အရေးကြီးပေသည်။ ဟေဗြဲစာစောင်ကိုရေးသားခဲ့သူက " ထိုမှတပါး မေတ္တာစိတ်ရှိစေခြင်းငှါ၄င်း၊ ကောင်းသောအကျင့်ကိုကျင့်စေခြင်းငှါ၄င်း တိုက်တွန်းနှိုးဆော်ရသော အခွင့်ကိုရှာ၍ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ထောက်စာကြည့်ရှုကြကုန်အံ့" ဟုနှိုးဆော်ထားပါသည်။ အတူတကွစုပေါင်းခြင်းသည်ယုံကြည်သူများအား ကျေးဇူးတော်နှင့်ခရစ်တော်ကိုသိကျွမ်းသောဉာဏ် တိုးပွါးအောင်အကူအညီပေးစေ့ဆော်ပေးသည့်အရာပင်ဖြစ်သည်။

တစ်ဦးတစ်ယောက်တည်း မလုပ်ဆောင်ပါနှင့် မျှဝေခံစားကြသော အဖွဲ့အစည်းအတွင်းတွင် အားပေးထောက်ပံ့မှုကြီးတည်ရှိနေပေသည်။

*ဆင်ခြင်ရန်။ ။ နှုတ်ကပတ်တော်ကိုမှန်ကန်စွာ ယုံကြည်သွန်သင်သောအသင်းတော်သို့ သင်သစ္စာရှိစွာတက်ရောက်ပါသလား။ ထိုအသင်းတော်သို့ သွားရောက်ရသည်(သို့)မသွားသည့်အကြောင်းအရင်းကားအဘယ်နည်း။ ခရစ်တော်၌ယုံကြည်သူညီအစ်ကိုချင်းအား သင်မည်သို့အားပေးထောက်ပံ့တတ်သနည်း။ ယုံကြည်သူများသည် မီးတောက်နေသော မီးသွေးခဲများနှင့်တူသည်။ အတူတကွရှိလျှင်တောက်လောင်နေပြီး ကွဲပြားနေလျှင်ပြာဖုံးငြိမ်းသွားပေ၏။*

## ဘုရားရှင်ကိုယုံပါသလား

(၁တိ ၆း၆-၁၉)

ငွေသည် ဒုစရိုက်ကောင်ကြီးမဟုတ်ငြားလည်း သွေးဆောင်ဖြားယောင်းတတ်၏။ ယနေ့ဖတ်ရန်ကျမ်းပိုဒ်၌ ဘုရားသခင်အား ယုံကြည်ရမည့်အစား ငွေကိုအားထားခြင်း(၁တိ ၆း၁၇)ဟူသည့်ကျွန်ုပ်တို့ သက်ဆင်းတတ်သော ကျော့ကွင်းအဖြစ် ဖော်ပြထား၏။

ဘုရားသခင်၌သာ ယုံကြည်မှုကိုထားရှိရန် ကျွန်ုပ်တို့ပြောဆိုနေကြငြားလည်း လက်တွေ့၌

ကား တခြားစီပင်။ ငွေပုံကြီးတစ်ပုံက ဘုရားရှင်၏တာဝန်ယူမှုထက်ပို၍ လုံခြုံမှုပေးနိုင်သည်ဟု ထင်မြင်ရသည်။ သို့ရာတွင် ငွေကြေးသည် စိတ်မချရသောအရာဟု ရှင်ပေါလုက အခိုင်အမာ ပြောကြားခဲ့သည်။ အမှန်ပင်ငွေပြတ်လတ်မှုနှင့် ရင်ဆိုင်ကြုံနိုင်သော်လည်း ကျွန်ုပ်တို့၏ လိုအပ်ချက်နှင့် နှစ်သက်ပျော်ရွှင်ဘွယ်ရာတို့ကို ပြင်ဆင်ထောက်ပံ့ပေးသောဘုရားရှင်၏ တန်ခိုးတော်ကား ဘယ်သောအခါမှ ရပ်တန့်ကုန်ခန်းသွားခြင်းမရှိပေ။

ဘုရားရှင်၏ အတိုင်းအဆမဲ့တန်ခိုးတော်၏ လုပ်ပေးမှုတို့ကို သိမြင်ရန်အတွက် ငွေသည် အတိုင်းအတာ တစ်ခုအတွင်းသာ အစွမ်းရှိကြောင်းကိုဆင်ခြင်သင့်လှ၏။ ဇဝံဂေလိဝေစာ တစ်ခုအားဖြင့် ဤအချက်ကိုကျွန်ုပ်နားလည်ခဲ့ရသည်။ ထိုဝေစာ၏နောက်ကျောတွင် အောက်ပါစာသားကိုဖော်ပြထားသည်။ "ငွေဖြင့်အိပ်ယာဝယ်နိုင်သော်လည်း အိပ်ပျော်သောအခွင့်ကို မဝယ်နိုင်။ အစားအသောက်ကိုဝယ်နိုင်သော်လည်း စားကောင်းသောခံတွင်းအရသာကို ဝယ်ယူမရနိုင်။ နေထိုင်စရာအိမ်ကိုဝယ်နိုင်သော်လည်း ခိုလှုံရာချမ်းမြေ့ရိပ်မြုံကို မဝယ်နိုင်။ ရွှင်မြူးစေသော ရုပ်ပစ္စည်းများရနိုင်သော်လည်း ဝမ်းမြောက်ပျော်ရွှင်မှုမရနိုင်။ ကားတိုင်ကိုဝယ်နိုင်သော်လည်း ကယ်တင်ရှင်အားမဝယ်ယူနိုင်။ ဘုရားကျောင်းရှိခုံတန်းရှည်ကိုပေးဝယ်၍ ရနိုင်သော်လည်း ကောင်းကင်နိုင်ငံကိုဝယ်၍မရ။ ငွေဖြင့်ဝယ်ယူ၍မရနိုင်သောအရာများကို ယေရှုခရစ်တော်က အခမဲ့ပေးဝေနေသည်။"



ခရစ်တော်အား သင်၏ကယ်တင်ရှင်အဖြစ်ကိုးစားပါက ရုပ်ပစ္စည်းများကြောင့် သောကဝေဒနာ လွှမ်းမိုးမှုဒဏ်ကိုခံစရာမရှိပါ။ ခရစ်တော်၏ အုပ်စိုးမှုအောက်၊ ဝိညာဉ်ရေးရာနှင့်ဆိုင်သော ကြွယ်ဝခြင်း၌ တည်ရှိနေပါ၏။ ငွေဖြင့်ဝယ်ယူမရ နိုင်သောကြုံတောင့်ကြုံခဲဖြစ်ရပ်များကို သင်ခံစား သိရှိလာမည်။

(၁တိ ၆း၆) ၌ "ရောင့်ရဲသောစိတ်ပါလျှင် ဘုရားဝတ်၌မွေ့လျော်ခြင်းသည် ကြီးစွာသောအကျိုးစီးပွါးမှန်၏" ဟုဖော်ပြထားသည်။

*ဆင်ခြင်ရန်။ ။ ငွေနှင့်ပတ်သက်၍ သင်၌မည်သည့် သောကပွါးနေသနည်း။ ဘုရားရှင် မ မစနိုင်သောအရာကားအဘယ်နည်း။ ငွေရေးကြေးရေးနှင့်ပတ်သက်သောသင့်စိုးရိမ်မှုများကို ဘုရားသခင်ထံ၌ယခုအပ်နှံပါ။ တင်းတိမ်ရောင့်ရဲခြင်းရှိသူသည် ဘယ်သောအခါမျှမဆင်းရဲ၊ မတင်းတိမ်မရောင့်ရဲနိုင်သူလည်း ဘယ်အခါမျှမချမ်းသာပေ။*

**နေ့စဉ်ခွန်အားစာစောင်မှကောက်နှုတ်တင်ပြသည်**